# အမှိုက် ခွဲခြားပုံနှင့် စွန့်ထုတ်ပုံ

本宮市
မိုတိုမိယာမြို့

အမှိုက်ခွဲခြားခြင်းဟာ ဂျပန်နိုင်ငံရဲ့စည်းမျဉ်းစည်းကမ်း ဖြစ်ပါတယ်။
မလိုက်နာလျှင် နေထိုင်ရာရပ်ကွက်မှာ လူနေထိုင်သူတွေ အတွက် အနှောက်အယှက် ဖြစ်လာနိုင်ပါတယ်။





မြန်မာ / ミャンマー語

## ခွဲထားရင် သယံဇာတ ဖြစ်မယ်၊ ရောထည့်လိုက်ရင် အမှိုက် ဖြစ်သွားမယ်။

ကန့်သတ်ထားတဲ့ သယံဇာတအရင်းအမြစ်တွေကို လေးစားထိန်းသိမ်းဖို့ စိတ်ဓာတ်ကို ထူထောင်ပြီး၊ လူအားလုံး ပူးပေါင်းကူညီကြပြီး သယံဇာတတွေကို လှည့်လည်အသုံးပြုတဲ့ လူ့အဖွဲ့အစည်းတစ်ခုကို တည်ဆောက်ကြရအောင်။

| ကျွန်ုပ်နေရပ်ဒေသ၏ အမှိုက်စုဆောင်းသည့် နေ့ရက်များ | |
|---|---|
| ● လောင်ကျွမ်းနိုင်သော အမှိုက် | (　　　,　　　) နေ့ |
| ● လောင်ကျွမ်းနိုင်သော အမှိုက် မဟုတ်သည့် အမှိုက်များ | (　　　) နေ့ |

**ငါးမျိုး ခွဲပါ**

| သတ်မှတ်ထားသော အမှိုက်အိတ် အမည် | | ရှင်းလင်းဖော်ပြချက် |
|---|---|---|
| **လောင်ကျွမ်းနိုင်သော အမှိုက်** (အဝါရောင် အိတ်) |  | ဟင်းသီးဟင်းရွက် နှင့် အသီးအနှံ အကြွင်းအကျန်များ၊ ကြက်ဥခွံ၊ ကမာအခွံ၊ ငါးအရိုး စသည့် အစားအစာအကျန် အမှိုက်များ (ရေဓာတ်ကို ကောင်းစွာညှစ်ထုတ်ပါ)၊ စက္ကူခွက်၊ သုံးပြီးသား တစ်ရှူး၊ စီးကရက်တို၊ ဆေးပင်များ၊ ပန်းများ၊ ဂွမ်း၊ သိုးမွှေးထည်ပစ္စည်းများ၊ စက္ကူဒိုင်ပါအများ (အညစ်အကြေးများကို ဖယ်ရှားပါ)၊ သားရေထည်ပစ္စည်းများ၊ ရော်ဘာထည်ပစ္စည်းများ၊ ကက်ဆက်တိပ်၊ ဗီဒီယိုတိပ် CD၊ DVD၊ Blu-ray ဗီဒီယိုဒစ်များ၊ အစားအသောက်ချက်ပြုတ်သုံး ဆီ (ခဲအောင်လုပ်ထားသည့်အရာ) |
| **ပလတ်စတစ် ကွန်တိန်နာ ထုပ်ပိုးပစ္စည်းများ** ((ကြည်လင်သော အိတ်)) |  | " プラ (ပလတ်စတစ်) " လိုဂို အမှတ်ပါ ပစ္စည်းများ၊ PET ဘူးများ၏ အညွှန်းစာနှင့် ဘူးအဖုံးများ၊ Styrofoam (ဖော့)၊ ကုန်ပစ္စည်းမျိုးစုံ၏ အပြင်ဘက် ပလတ်စတစ်အလွှာများ၊ အရည်ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ လက်ဆေးဆပ်ပြာရည် စသည်တို့၏ ကွန်တိန်နာများ၊ ဈေးဝယ်အိတ်များ စသည်<br><br>**※ အညစ်အကြေးကပ်လျှင် ပြန်လည်အသုံးမပြုနိုင်ပါ။ အညစ်အကြေးကပ်နေသော ပစ္စည်းများကို စက္ကူ သို့မဟုတ် အဝတ်ဖြင့် သုတ်ပေးပါ သို့မဟုတ် ရေဖြင့် ဆေးကြောပြီး အစိုင်အခဲများကို ဖယ်ရှားပေးပါ** |
| **ဗီနိုင်းနှင့် ပလတ်စတစ်အမှိုက်** (အပြာရောင် အိတ်) |  | အမာစား ပလတ်စတစ်ပစ္စည်းများ (ပလတ်စတစ် ရေပုံး၊ မျက်နှာသစ်ကန်၊ အမှိုက်ပုံး၊ ထမင်းဘူး၊ အဝတ်သေတ္တာ၊ အမျိုးမျိုးသော ဘူး/သေတ္တာများ စသည်) ဆေးကြောရင်တောင် အညစ်အကြေး မစင်ကြယ်နိုင်တဲ့ ပလတ်စတစ်ပစ္စည်းများ။ |
| **ချေမွဖျက်ဆီးရမည့် အမှိုက်** (ပန်းရောင် အိတ်) |  | သတ္တုအမျိုးအစားများ၊ သတ္တုနှင့် ပေါင်းစပ်ထားသည့် ပလတ်စတစ်နှင့် ဖန်ထည်ပစ္စည်းများ စသည်ဖြင့် နာရီ ကဲ့သို့သော အသေးစား လျှပ်စစ်ပစ္စည်းများ၊ သုံးပြီးသား မီးခြစ်၊ စည်သွပ်ဘူးခွံများ၊ ဂတ်စ်ဘူးများ၊ စပရေးဘူးများ စသည်<br><br>**※ ဂတ်စ်ဘူးနှင့် စပရေးဘူးများကို အနည်းဆုံး အပေါက် ၂ ခုထက် မနည်း ဖောက်ပေးပြီး အတွင်းရှိ ဂတ်စ်များကို မဖြစ်မနေ ထုတ်ပစ်ပါ။**<br>**※ နာရီ ကဲ့သို့သော အသေးစား လျှပ်စစ်ပစ္စည်းများတွင် အတွင်းရှိ ဓာတ်ခဲနှင့် ဘက်ထရီများကို ဖြုတ်ထားပါ။**<br>**※ တီဗီနှင့် ကွန်ပျူတာများကို အရောင်းဆိုင် သို့မဟုတ် ကျွမ်းကျင်လုပ်ငန်းရှင်များထံသို့ အပ်နှံပါ** |
| **မြေမြှုပ်စွန့်ပစ်ရမည့် အမှိုက်နှင့် အဝတ်အထည်အမျိုးအစား** (မီးခိုးရောင် အိတ်)<br><br>① နှင့် ② ကို အမှိုက်အိတ်တစ်လုံးထဲ ရောထည့် မထားပါနှင့်။ | **① ချေမွဖျက်ဆီးရန် မလိုသည့် မလောင်ကျွမ်းနိုင်သော အမှိုက်များ**<br> | မှန်ဖြင့် ထုတ်လုပ်ထားသော ပစ္စည်းများ, ပန်းကန်၊ လူမီ၊ အိုးကန် စသည့် ဆီရာမစ်ပစ္စည်းများ, မီးလုံး, ဖလူအိုဆင် မီးတိုင်, အလှကုန်ဘူး |
| | <br>**② ပြန်လည်အသုံးချနိုင်သော အမှိုက်များ (အဝတ်အထည်နှင့် အထည်အလိပ် ပစ္စည်းများ)** | ချည် သို့မဟုတ် ဓာတုချည်မျှင်ဖြင့် ထုတ်လုပ်ထားသော အဝတ်အထည်များ (အတွင်းဝတ်၊ ရှပ်အင်္ကျီအမျိုးမျိုး၊ အနောက်တိုင်းဝတ်စုံ စသည်)၊ အထည်အလိပ် ပစ္စည်းများ (မျက်နှာသုတ်ပဝါ၊ လိုက်ကာ စသည်)<br><br>**※ ကပ်ပပ်၊ မြေးကြိုးထည်၊ သားရေထည် ပစ္စည်းများကို လောင်ကျွမ်းနိုင်သော အမှိုက်အဖြစ် ထုတ်ပစ်ရမည်။**<br>**※ အလွန်အမင်း အညစ်အကြေးကပ်နေသော ပစ္စည်းများကို လောင်ကျွမ်းနိုင်သော အမှိုက်အဖြစ် ထုတ်ပစ်ပေးပါ။** |

# ပြန်လည်အသုံးချနိုင်သော အမှိုက်များ

① ပုလင်းများ၊ ဘူးများ၊ PET ဘူးများကို အမှိုက်စုပုံနေရာတွင် ပြင်ဆင်ပေးထားသည့် ကွန်တိန်နာထဲသို့ ထည့်ပစ်ပါ။

② စက္ကူအမျိုးအစားများ (သတင်းစာ၊ ကြော်ငြာစက္ကူ၊ မဂ္ဂဇင်း၊ ကတ်ထူသေတ္တာ၊ စက္ကူအထုပ်) ကို ကြိုးဖြင့် ကြက်ခြေခတ်ပုံစံ ချည်နှောင်ပေးပါ။

| ထပ်မံ အသုံးချနိုင်သော ပုလင်းများ (ဘီယာပုလင်း၊ ဂျပန်အရက်ပုလင်း စသည်) | အရောင်မရှိသော အကြည်ရောင် ပုလင်းများ | အညိုရောင် ပုလင်းများ | အပြာရောင်၊ အစိမ်းရောင် ပုလင်းများ | အနက်ရောင် ပုလင်းများ | ဘူးအလွတ်များ (သောက်စရာများ ထည့်သုံးသော ဘူးများသာ) | PET ဘူးများ |
|---|---|---|---|---|---|---|
| ဘူးအဖုံးကို ဖယ်ရှားပြီး၊ ရေဖြင့် ဆေးကြော သန့်ရှင်းစေပြီးမှ စွန့်ပစ်ပါ။ ကွဲနေသော ပုလင်းများကိုလည်း အရောင်အလိုက် ခွဲပြီး စွန့်ပစ်ပါ။ မျက်နှာပြင် အထူးပြုပြင်ထားသော ပုလင်းများနှင့် အလှကုန်ပုလင်းများကို မြေမြှုပ်စွန့်ပစ်ရမည့် အမှိုက်အဖြစ် စွန့်ပစ်ပါ။ | | | | | ရေဖြင့် ဆေးကြောပြီး ကန်ကို မဖိစက်ဘဲ အလုံးစုံ အနေအထားနဲ့ ထုတ်ပစ်ပါ။ | ဘူးအဖုံးနှင့် အညွှန်းစာ (ပလတ်စတစ် ကွန်တိန်နာထုပ်ပိုးပစ္စည်းများ) ကို ဖယ်ရှားပြီး၊ ရေဖြင့် ဆေးကြောသန့်စင်ပြီးမှ စွန့်ပစ်ပါ။ |




| သုံးပြီးသား အခြောက်ဗက်ထရီ နှင့် ဘက်ထရီများ (လီသီယမ်-အိုင်းယွန်း ဘက်ထရီများလည်း စွန့်ပစ်နိုင်သည်) | သတင်းစာ၊ ကြော်ငြာ စက္ကူများ | စာအုပ်၊ မဂ္ဂဇင်း အမျိုးအစား (စက္ကူ ကွန်တိန်နာထုပ်ပိုးပစ္စည်းများ အပါအဝင်) | ကတ်ထူသေတ္တာများ | စက္ကူအထုပ်များ |
|---|---|---|---|---|
| ပြဒါးပါဝင်သော ခလုတ်ဓာတ်ခဲများ၊ မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်သုံး ဘက်ထရီများကို အရောင်းဆိုင်များ စသည်တို့တွင် ကိုင်တွယ်ဆောင်ရွက်ပါ။ | "စာအုပ်၊ မဂ္ဂဇင်း အမျိုးအစား" ထဲတွင် စက္ကူအမှိုက်များ (သုံးပြီးသား တစ်ရှူး၊ စက္ကူ စသည်) မှလွဲ၍ အခြားသော "စက္ကူအမျိုးမျိုး" ပါဝင်ပါသည်။ ၎င်းတို့၏ အရွယ်အစားမှာ လိပ်စာကတ်အရွယ်ခန့်ရှိလျှင် ပြန်လည်အသုံးချခြင်း (ပြန်လည်ထုတ်လုပ် စက္ကူ) ပြုလုပ်နိုင်ပါသည်။ ပြုတ်မထွက်သွားစေရန် ကြိုးဖြင့် ကြက်ခြေခတ်ပုံစံ ချည်နှောင်၍ စွန့်ပစ်ပါ (ကြိုးအနေနှင့် လွယ်ကူစွာ မပြတ်သွားတဲ့ အမျိုးအစားကို အသုံးပြုပေးပြီး စေးကပ်တိပ် မသုံးပါနှင့်)။ | | | |




## ကြီးမားသည့် အမှိုက်များ

ကြီးမားသည့် အမှိုက်များကို မိုတိုမိယာ သန့်ရှင်းရေးစင်တာသို့ တိုက်ရိုက် ယူဆောင်သွားပေးပါ။ (ညာဘက်တွင် ဖော်ပြထားသော ပစ္စည်းများမှလွဲ၍ အခြားပစ္စည်းများကို အခမဲ့ လက်ခံပေးပါသည်)

အကြီးစား ပရိဘောဂများ (အဝတ်ဗီရို၊ အိပ်ရာ၊ ကိုတစ္စတ်စားပွဲ၊ စားပွဲ၊ ထိုင်ခုံ၊ စင် စသည်)၊ စက်ဘီး၊ ဘေစင်၊ မီးဖို၊ စကီးဘုတ်၊ အဝတ်လှန်းတန်း၊ အကြီးစား ကစားစရာများ စသည်

※ လက်မခံနိုင်သော ပစ္စည်းအမျိုးအစားများလည်း ရှိပါသဖြင့် အသေးစိတ်အချက်အလက်များကို မိုတိုမိယာ သန့်ရှင်းရေးစင်တာသို့ ဆက်သွယ်မေးမြန်းပါ။

ကြီးမားသည့် အမှိုက်များကို မိမိအိမ်အရောက် လာယူပေးစေလိုပါက (အခကြေးငွေဖြင့်) … လူနေမှုပတ်ဝန်းကျင်ဌာနထံ လျှောက်ထားပါ

## အခကြေးငွေ ပေးဆောင်ရမည့် အမှိုက်များ

- ဖျာ၊ စောင်၊ မွေ့ရာ / ၁၀ ကီလိုဂရမ်လျှင် ၁၃၀ ယန်း
  … မိုတိုမိယာ သန့်ရှင်းရေးစင်တာသို့ ဒီအတိုင်း ယူဆောင်လာပေးပါ။
- ခွေး၊ ကြောင် စသည့် တိရစ္ဆာန်အလောင်း စီမံဆောင်ရွက်ခြင်း / တစ်ကောင်လျှင် ၅၅၀ ယန်း
  …ကတ်ထူသေတ္တာ စသည်တို့တွင် ထည့်ပြီး မိုတိုမိယာ သန့်ရှင်းရေးစင်တာသို့ ယူဆောင်လာပေးပါ။

## စီမံဆောင်ရွက်ပေး၍မရသော အမှိုက်များ

စက်မှုလုပ်ငန်းဆိုင်ရာ စွန့်ပစ်ပစ္စည်းများ၊ ဆေးဝါးနှင့် ဓာတုပစ္စည်းများ (ကွန်တိန်နာ အပါအဝင်)၊ စိုက်ပျိုးရေးသုံး စက်ပစ္စည်းများ (တစ်ဘီးလှည်း အပါအဝင်)၊ စိုက်ပျိုးရေးသုံး ဗီနိုင်းများ၊ ဂတ်စ်ဘူးများ၊ ပရိုပိန်းဂတ်စ် စသည်၊ မီးသတ်ဆေးဘူးများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ကားသုံး ဘက်ထရီများ၊ မော်တော်ဆိုင်ကယ်၊ မော်တော်ကား အစိတ်အပိုင်းများ၊ တာယာ၊ အင်ဂျင်ဝိုင်၊ ဓာတ်ဆီ၊ ရေနံဆီ၊ သုတ်ဆေး စသည်

လေအေးပေးစက်၊ တီဗီ၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာ (ရေခဲသိုလှောင်ခန်း အပါအဝင်)၊ ကွန်ပျူတာ စသည်

## ဆက်သွယ်မေးမြန်းရန် လိပ်စာ

- မိုတိုမိယာ သန့်ရှင်းရေးစင်တာ【ဂျပန်ဘာသာ】0243-33-5499
  【လက်ခံဖြေဆိုချိန်】ရုံးဖွင့်ရက်များ / မနက် 8:30 မှ 11:30 ထိ၊ နေ့လယ် 1:00 မှ 4:30 ထိ
  စနေနေ့ / မနက် 8:30 မှ 11:30 ထိ
- မိုတိုမိယာမြို့ လူနေမှုပတ်ဝန်းကျင်ဌာန ပတ်ဝန်းကျင်အပိုင်း【ဂျပန်ဘာသာ】0243-24-5362
- မိုတိုမိယာမြို့ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးဌာန ဆက်ဆံမှုမြှင့်တင်အပိုင်း【ဂျပန်၊ အင်္ဂလိပ်ဘာသာ】0243-24-5303

【Google Maps】
မိုတိုမိယာ သန့်ရှင်းရေးစင်တာ